# ၂၂၈။ သစ္စာနှင့်စောင့်နေကျူး
# Will Jesus find us watching

ရှင်ယေရှု ကြွလာတော်မူ ပြန်သောခါ၊  နေ့ညဘယ်အချိန် မဆို၊
သစ္စာနှင့် ငါတို့စောင့်နေ ကြသလား၊ မီးခွက်များကို ပြင်လျက်နှင့်။
အို ငါတို့ အသင့်ရှိနေ ကြသလား၊ ဝိညာဉ်စံရာ အိမ်တော်ဖို့၊ ငါတို့ စောင့်
နေခြင်း ကိုယ်တော် တွေ့မည်လား၊ စောင့်လျက်၊ ကိုယ်တော်ကြွလာခြင်း စောင့်လျက်။

တယောက် နောက်တယောက် ကိုယ်တော် ခေါ်မူလျှင်၊ မိုးလင်း အာရုဏ်တက်ချိန်ခါ၊
အပ်ထားဘဏ္ဍာ ကိုယ်တော်ထံ ပြန်ဆက်လျှင်၊ သာဓု ခေါ်တော်မူ မည်လား။
အို ငါတို့ အသင့်ရှိနေ ကြသလား၊ ဝိညာဉ်စံရာ အိမ်တော်ဖို့၊ ငါတို့ စောင့်
နေခြင်း ကိုယ်တော် တွေ့မည်လား၊ စောင့်လျက်၊ ကိုယ်တော်ကြွလာခြင်း စောင့်လျက်။

မှတ်ထားမူရာ ငါတို့ ပြုကြပြီလား၊ ခွန်အားသတ္တိ ရှိသမျှ၊
ငါတို့၏ စိတ်ပြစ်တင်ခြင်းမှ ကင်းသော်၊ ငြိမ်သက် ချမ်းသာခြင်းရမည်။
အို ငါတို့ အသင့်ရှိနေ ကြသလား၊ ဝိညာဉ်စံရာ အိမ်တော်ဖို့၊ ငါတို့ စောင့်
နေခြင်း ကိုယ်တော် တွေ့မည်လား၊ စောင့်လျက်၊ ကိုယ်တော်ကြွလာခြင်း စောင့်လျက်။

စောင့်နေသူများ မင်္ဂလာရှိစေသော၊ ဘုန်းတော်ဝင် စံစားရမည်။
နေ့ချိန် သန်းခေါင်ယံချိန် ဖြစ်စေလာသော်၊  စောင့်နေလျက် တွေ့လိမ့်မည်လား။
အို ငါတို့ အသင့်ရှိနေ ကြသလား၊ ဝိညာဉ်စံရာ အိမ်တော်ဖို့၊ ငါတို့ စောင့်
နေခြင်း ကိုယ်တော် တွေ့မည်လား၊ စောင့်လျက်၊ ကိုယ်တော်ကြွလာခြင်း စောင့်လျက်။

ဆ